ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ

NATIONAL COUNCIL OF THE UNION OF BURMA

# ဝမ်းနည်းကြောင်း သဝဏ်လွှာ

ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၄) ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့၏အတွင်းရေးမှူးနှင့် အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA-ESS)မိုင်းလားအဖွဲ့၏ အတွင်းရေးမှူး ဦးမင်းအိမ်သည် ဇန်နဝါရီလ(၂၇)ရက် နေ့တွင် လုပ်ကြံသတ်ဖြတ်ခံရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)အနေဖြင့် မိုင်းလားဒေသမှ ပြည်သူများ၊ မိုင်းလားအဖွဲ့၊ ကျန်ရစ်သူမိသားစုများနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းမိပါသည်။

ခေါင်းဆောင်ကြီး ဦးမင်းအိမ် လုပ်ကြံခံရမှုတွင် ၎င်း၏ကြွယ်ဝသည့် နိုင်ငံရေးအသိအမြင်၊ သံရေး တမန်ရေး တို့သည် မိုင်းလားဒေသအတွက်သာမက မြန်မာပြည် အနာဂါတ်အတွက် ကြီးမားသော ဆုံးရှုံးမှု တစ်ရပ်ဖြစ်သည်။
မိုင်းလားဒေသအနေဖြင့် အမျိုးသားခေါင်းဆောင်ကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရသော်လည်း မိမိတို့၏ နိုင်ငံရေး ဦးတည်ချက် ပန်းတိုင်ရောက်သည်အထိ ဆက်လက်ချီတက်သွားမည်ဟု ယုံကြည်ပါသည်။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB) အနေဖြင့်လည်း (NDAA-ESS)နှင့်အတူ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာသည်အထိ လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်း ကြားမှုနှင့်အတူ ဤဝမ်းနည်းကြောင်းသဝဏ်လွှာကို ပေးပို့လိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)
ရက်စွဲ။ ။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ(၂၉)ရက်။